ဖက်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များကော်မတီ
**People's Representative Committee for Federal**

# ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF)
# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ
# ထုတ်ပြန်ကြေညာခြင်း

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)

**၁။နောက်ခံသမိုင်း**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) အဖွဲ့ဝင်ပါတီအချို့သည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ရန်အတွက် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးပြည်သူ့ကော်မတီ (People Representatives for Federal – PRF) ကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးပြည်သူ့ကော်မတီ (PRF) ကို ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF) အဖြစ် ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ရေးဆွဲရာတွင် PRCF အနေဖြင့် ပါဝင်ခဲ့သည်။ အခြေအနေအရပ်ရပ်ကြောင့် PRCF တွင် UNA အဖွဲ့ဝင်အဖွဲ့အစည်းအချို့ ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် UNA အဖွဲ့ဝင်အဖွဲ့အစည်းများအနက် ပါတီအများစုက ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF) ဖွဲ့စည်းမှုကို သဘောတူ လက်ခံခဲ့ကြသည်။ ၎င်းနောက် UNA မိတ်ဖက်ပါတီနှင့် မိတ်ဖက်အဖွဲ့အစည်းအချို့ ဆက်လက်လက်တွဲပါဝင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် PRCF ဖွဲ့စည်းမှု၊ ဦးတည်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံ၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများနှင့် အခြေခံမူဝါဒများ ပါဝင်သော PRCF ဖွဲ့စည်းပုံစည်းမျဉ်း (Charter) ကို အတည်ပြုမူကြမ်း (Working Document) အဖြစ် သဘောတူခဲ့ကြသည်။ ယခုအခါတွင် အဖွဲ့ဝင်အဖွဲ့အစည်းစုစုပေါင်း ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းထားရှိပါသည်။

PRCF ၏ ဦးတည်ချက်မှာ ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲနိုင်ရန်အတွက်လည်းကောင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည်။

(က) အာဏာရှင်စနစ် ပပျောက်ရေး၊

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊

(ဂ) ဒီမိုကရေစီအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးတို့ကို အာမခံသည့် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖြစ် ခိုင်မာအောင်တည်ဆောက်ရေး၊

## ၂။ PRCF ကော်မတီများဖွဲ့စည်းခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော PRCF အစည်းအဝေး၌ အဖွဲ့ဝင်အဖွဲ့အစည်းများထဲမှ ကိုယ်စားလှယ် ၉ ဦးနှင့် နည်းပညာအထောက်အကူပြု တစ်ဦး ပါဝင်သော PRCF လုပ်ငန်းကော်မတီ (Working Committee) ကို ဖွဲ့စည်းခဲ့သည်။ နောက်အစည်းအဝေးများတွင် အရန်ကိုယ်စားလှယ်များကို ထပ်မံ ဖြည့်စွက်ဖွဲ့စည်းခဲ့သည်။ PRCF လုပ်ငန်းကော်မတီ၏ အဓိက လုပ်ငန်းတာဝန်များမှာ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး၊ PRCF သို့ ဖိတ်ဖက်အဖွဲ့အစည်းများ ပါဝင်လာရေး ဆွေးနွေးဖိတ်ခေါ်ခြင်း၊ PRCF Coordination Body ဖြစ်မြောက်ရေး ဆောင်ရွက်ခြင်း၊ PRCF ကို အများပြည်သူ သိရှိစေရေး ဆောင်ရွက်ခြင်း စသည်တို့ ဖြစ်ပါသည်။ PRCF လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို PRCF စုံညီအစည်းအဝေးသို့ အစီရင်ခံ တင်ပြရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော PRCF အစည်းအဝေးတွင် PRCF နိုင်ငံတကာဆက်ဆံရေးကော်မတီ (International Relation Committee) ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် PRCF နိုင်ငံတကာဆက်ဆံရေးကော်မတီက တင်ပြ လာသည့် PRCF ၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာအခြေခံမူကို အတည်ပြုခဲ့သည်။

၂၀၂၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ပြုလုပ်သော PRCF အစည်းအဝေးတွင် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒ (မူကြမ်း) ရေးဆွဲရန်အတွက် PRCF အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၇ ဦးနှင့် နည်းပညာအထောက်အကူပြု ၅ ဦးတို့ ပါဝင်သော PRCF ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲရာတွင်

(၁) PRCF စုံညီအစည်းအဝေးက အတည်ပြုထားသည့် PRCF Working Document ၌ ပါရှိသည့် မျှော်ရည်ချက် (Vision)၊ စံတန်ဖိုး (Value)၊ လမ်းညွှန်အခြေခံမူများ၊ အခြေခံမူဝါဒများနှင့်

(၂) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (Federal Democracy Charter) ပါ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ

အပေါ် အဓိက အခြေခံပြီး ရေးဆွဲသွားရန်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများဖြစ်သည့်

(၃) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) က ရေးဆွဲခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယ မူကြမ်း)၊

(၄) UNA နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသည့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး ညှိနှိုင်းမှုကော်မတီ (CCCFU) က ရေးဆွဲ ခဲ့ကြသည့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (ပဏာမမူကြမ်း)

တို့ကို ကိုးကားရေးဆွဲသွားရန် သဘောတူဆုံးဖြတ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်ပြုလုပ်သော PRCF စုံညီအစည်းအဝေးတွင် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ (အတည်ပြုမူကြမ်း) ကိုလည်းကောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

## ၃။ PRCF ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်ရေးဆွဲခြင်း

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ပြုလုပ်သော PRCF လူချင်းတွေ့ဆုံသည့် မျက်နှာစုံညီအစည်းအဝေး၌ PRCF လုပ်ငန်းကော်မတီ၊ PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ၊ PRCF နိုင်ငံတကာဆက်ဆံရေးကော်မတီတို့၏ အဖွဲ့ဝင်အင်အားကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ PRCF Charter တွင် ပါဝင်သော အချက်အလက်များ၊ PRCF ဘုံသဘောတူညီချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးရာ ပြင်ဆင်ဖြည့်စွက်ရန် မလိုအပ်ဘဲ မူလအတိုင်း အတည်ပြုသည်။ PRCF ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (အတည်ပြုမူကြမ်း) တွင် အပြီးသတ်ရန် လိုအပ်နေသည်များကို ရေးဆွဲပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလကုန်အပြီး ရေးသားရန် ဆွေးနွေး အတည်ပြုခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြီးသတ်ရန် လိုအပ်နေသည့် အချက်အလက်များကို နည်းပညာအထောက်အကူပြုအဖွဲ့က ရေးသားပြုစုပြင်ဆင်ပေးရန် တာဝန်ပေးအပ်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် PRCF နည်းပညာအထောက်အကူပြုအဖွဲ့သည် ပြင်ဆင်ဖြည့်စွက်ထားသည့် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီသို့ တင်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီသည် ပြင်ဆင် ဖြည့်စွက်ထားသည့် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို PRCF အတွင်းရေးမှူးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို ရရှိထားသော PRCF လုပ်ငန်းကော်မတီသို့ ထပ်ဆင့် တင်ပြခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော PRCF စုံညီအစည်းအဝေးသို့ PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီနှင့် PRCF လုပ်ငန်းကော်မတီတို့က ပူးတွဲပြီး ပြင်ဆင် ဖြည့်စွက်ထားသည့် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ဆက်လက်ဆွေးနွေးတင်ပြခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် PRCF ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီနှင့် PRCF လုပ်ငန်းကော်မတီတို့သည် PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)တွင် အပြီးသတ်ရန် လိုအပ်နေသည့် အချက်အလက်များကို နောက်ဆုံး ပြင်ဆင်ဖြည့်စွက် ဆွေးနွေးကြသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော PRCF အထူးစုံညီအစည်းအဝေးကြီးတွင် နောက်ဆုံး ပြင်ဆင်ဖြည့်စွက်ထားသော PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ဆွေးနွေးကြပြီး PRCF ဖွဲ့စည်းပုံအခြေခံဥပဒေ (နောက်ဆုံးမူကြမ်း) အဖြစ် ကန့်ကွက်သူမရှိ အတည်ပြုနိုင်ခဲ့သည်။

## ၄။ PRCF ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ထုတ်ပြန်ကြေညာခြင်း

PRCF ၏ ဦးတည်ချက်ဖြစ်သည့် အာဏာရှင်စနစ် ပပျောက်ရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးတို့ကို အာမခံသည့် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖြစ် ခိုင်မာအောင်တည်ဆောက်ရေးတို့နှင့်အညီ ယခုမှစတင်၍ အနာဂတ်ပြည်ထောင်စုကြီးတွင် ကျင့်သုံးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို တိုင်းရင်းသားပေါင်းစုံ စုပေါင်းပါဝင်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF) က ထုတ်ပြန် ကြေညာလိုက်ပါသည်။

ဤ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပြောင်းလဲ၍ မရသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိသည့်အလျောက် PRCF အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ အများပြည်သူ၏ အကြံပြုချက်များအပေါ် လက်ခံရယူလျက် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ကာ ရှင်သန်နေသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အဖြစ် လက်ခံမှတ်ယူသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ**